ကြို့ကုန်းကျေးရွာ

ရေဝေမြင်သာကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြို့ကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ကြို့ကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ကြို့ကုန်း ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၀
(ခ) သဘာဝအရင်းအမြစ်များ	၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
(င) ကျန်းမာရေးနှင့် အာဟာရ	၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၆
(ဃ) ရွှေပြောင်းလုပ်သားများ	၁၆
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊	

သတင်းနှင့် ဆက်သွယ်ရေး ၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၂
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၂
(ဂ) ဦးစားပေး စီမံချက်များ ၂၃
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၅
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၆
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၇
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၇
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၇
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၈
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၉
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၀

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၁
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၄
ရည်ညွှန်းချက်များ ၃၅
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြို့ကုန်းကျေးရွာ
ရေဝေမြင်သာကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ကြိုကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိမြို့နယ်

ရည်ညွှန်း-ကြိုကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ကြိုကုန်းကျေးရွာ၊ ရေဝေမြင်သာကျေးရွာအုပ်စု၊ ဝန်းသိမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ - ကြီးလေနီးကျေး ကွာ ရာသီခွင်ပြ ပြကွဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဟော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹												
		ရွာပေါ် သိန်း သည်	ပျိုးထောင်	ကောက် စိုက် သည်					စပျစ်ဖိုယသိမ်း		ရွာပေါ် စိုက် သည်	
				ရေပေါ် သည်	ရေပေါ် သည်							
			ငှက်များ		ကွာဆီ တဲ့ကွေး			ငတုများ				မျက်စိနာ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု					ဖြတ်တိုက်	ဂွကိုတက်ပို့						
								ကတိန် ပွဲတော်				ကျင်ပြဲ ပွဲတော်
သဘာဝ ဘေးအန္တရာယ်	မိုးခေါ											လေ

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ **ကြို့ကုန်း**ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်တွင်ပါဝင်ပြီး အရှေ့လောင်ဂျီတွဒ် ၉၆.၆၈'နှင့်မြောက်လတီတွဒ် ၂၃.၈၆'တွက်တည်ရှိပါသည်။ရေဝေမြင်သာကျေးရွာအုပ်စုတွင်ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ဝန်းသိုမြို့နှင့်၂မိုင်ခန့်ကွာဝေးပြီးအနောက်ဘက်တွင်မြိုင်ဇေယျာ ကျေးရွာ ၊တောင်ဘက်တွင်ကျောက်စရစ်ကုန်းကျေးရွာတို့ရှိပါသည်။ရွာ၏အရှေ့ဘက် ၅ဖာလုံခန့် အကွာတွင်

ဝန်းသိုမြို့မှကောလင်းမြို့သို့ဆက်သွယ်သွားလာ၍ရသောမြေသားလမ်းရှိပြီးအနောက်ဘက်ဖာလုံခန့်အကွာတွင် မန္တလေး-မြစ်ကြီးနားမီးရထားလမ်း သွယ်တန်းလျက်ရှိ ပါသည်။ ကျေးရွာမှဝန်းသိုမြို့သို့ဆက်သွယ်သွားလာ၍ရသော အဓိကလမ်းမှာ မီးရထားသံလမ်းကို ဖြတ်ကူး၍ သံလမ်းနှင့်ဘေးချင်းကပ်လျက်ဝန်းသိုမြို့သို့ဝင်သွားပါသည်။ရွာ၏ အနောက်တောင်ထောင့်အရပ်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက်တွင် မြေနေရာမလုံလောက်သဖြင့် တိုးချဲ့ဆောက်လုပ်နေထိုင်ကြရသောတိုးချဲ့အိမ်ထောင်စုများရှိပါသည်။ပူနွေးစွတ်စိုသောရာသီဥတုကို ရရှိပိုင်ဆိုင်ထားပြီး ရေမြေအနေအထား အသင့်အတင့်ကောင်းမွန်သောကြောင့် လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ကြသော ရွာလေးဖြစ်ပါသည်။ကျေးရွာပတ်လည်တွင် လယ်ကွင်းများရှိပါသည်။ရွာ၏ အရှေ့ဘက်တွင် တောင်တန်းများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ရွာ အရှေ့ဘက် အနီးပတ်ဝန်းကျင်တွင် ဂျင်းကျောက်တောင်များရှိပြီးအသုံးပြုရန်ခက်ခဲပါသည်။သဘာဝအပင်မျိုးစိတ်များအနည်းငယ်ရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၄၃)စုရှိပြီး လူဦးရေ စုစုပေါင်း ကျား ၁၁၀ဦး မ ၁၃၆ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်တော်တို့ ကြို့ကုန်းရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၁ဦး၊မ၁ဦးရှိပါသည်။နို့စို့အရွယ်တစ်နှစ်အောက်ကလေးများနှင့်၅နှစ်အောက်ကလေးများမှာ မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးခြင်း၊ကာကွယ်ဆေးပုံမှန်တိုက်ကျွေးခြင်း၊ထိုးနှံပေးခြင်း၊ကျန်းမာရေးအသိပညာရှိခြင်းတို့ကြောင့်ကျန်းမာသန်စွမ်းကြပါသည်။မူလတန်းကျောင်းသားအရွယ်ကျား၇ဦး၊မ၈ဦး၊အလယ်တန်းကျောင်းသားအရွယ်ကျား ၉ဦး ၊မ ၆ဦး ရှိပြီး ပညာကောင်းစွာသင်ကြားနေပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်ကျား၇၆ဦး၊မ၁၂ဦးရှိပါသည်။အလုပ်လုပ်ကိုင်နိုင်သူများသည်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုကိုယ်စီလုပ်ကိုင်နေကြပါသည်။အသက်အရွယ်ကြီးသူကျား၅ဦး၊မ၆ဦးရှိပါသည်။ အသက်အရွယ်ကြီးသူအဘိုးအဘွားတို့မှာလည်း ရပ်ရွာအရေး ဆွေးနွေးရာတွင်အကြံဉာဏ်များပေးခြင်း၊ ဘဝအတွေ့အကြုံများကိုလူငယ်များသို့လက်ဆင့်ကမ်းသင်ကြားပေးခြင်း၊တရားဘာဝနာများစီဖြန်းလေ့လာပြီးနေထိုင်လျက်ရှိကြပါသည်။

(ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ကျွန်တော်တို့ရွာ၏ အဓိက *စီးပွားရေး* လုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။စိုက်ပျိုးရန်ရေကို စောဘွားရေသွင်းမြောင်းရေလွှဲဆည်မှရရှိပါသည်။ရေလွှဲဆည်မှရေသည်ဆောင်းရာသီကုန်စအချိန်နှင့်နွေရာသီတွင်ရေပြတ်လပ်ပါသည်။ထို့ကြောင့်မိုးရေကိုသာစိုက်ပျိုးရေအဖြစ်မှီခိုအားထားကြရပါသည်။ဆောင်းရာသီတွင်ဆောင်သီးနှံများဖြစ်သောမုန့်ညှင်း၊ငရုတ်၊ချဉ်ပေါင်၊ခရမ်းချဉ်နှင့်ပြောင်းစသည့်သီးနှံများကိုလည်းတစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြန်သည်။စိုက်ပျိုးထားသောသီးနှံများကို ဈေးကွက်သို့တင်ပို့ရောင်းချကြပါသည်။ သို့သော်လောင်စာဆီဈေးကြီးပေးဝယ်ရခြင်း၊ လုပ်အားခနှုန်းထားများမြှင့်ခြင်း၊ဓာတ်မြေဩဇာများဈေးကြီးပေးဝယ်ရခြင်း၊မျိုးကောင်းမျိုးသန့်များဈေးကြီးခြင်းတို့ကြောင့် အမြတ်အစွန်းကောင်းစွာ

မရကြပါ။ရွာတွင်မွေးမြူရေးလုပ်ငန်းကိုလည်းလုပ်ကိုင်ကြပါသည်။သို့သော်စီးပွားဖြစ်တွင်တွင်ကျယ်ကျယ်မွေးမြူနိုင်ခြင်းမရှိဘဲတစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။(ဥပမာ-ကွဲ၊နွား၊ဝက်၊ကြက်တို့ဖြစ်ပါသည်။)

ထို့ကြောင့်ကျွန်တော်တို့ရွာသူရွာသားများသည်စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်သောရွာလေးဖြစ်ပါသည်။ထို့ပြင်မွေးမြူရေးလုပ်ငန်းကိုလည်းတစ်နိုင်တစ်ပိုင်မွေးမြူကြပြန်သည်။အစိုးရလခစားဝန်ထမ်းများလည်းရှိပါသည်။

ကျွန်တော်တို့ကျေးရွာသည်သင့်တင့်မျှတသောရေမြေဥတုအနေအထားကိုပိုင်ဆိုင်ထားပါသည်။စိုက်စိုက်ပျိုးရေအရင်းအမြစ်အသင့်အတင့်ရှိပါသည်။ထို့ကြောင့်လယ်ယာမြေအသုံးချနိုင်မှုကောင်းမွန်ပါသည်။သီးနှံများအတော်အသင့်စိုက်ပျိုးနိုင်သောကြောင့်ဈေးကွက်တင်ပို့ရောင်းချနိုင်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင်ဥစ္စာဓနအဆင့်အခြေအနေကိုအဆင့်(၃)ဆင့်ခွဲခြားထားပါသည်။ပထမအဆင့်မှာလယ်ယာမြေ(၅)ဧကနှင့်အထက်ပိုင်ဆိုင်သူများ၊ငွေကြေးပြေလည်သူများ၊လုပ်အားရှိသူများပါဝင်ပါသည်။ဒုတိယအဆင့်မှာလယ်ယာမြေ(၂)ဧကနှင့်(၅)ဧကကြားပိုင်ဆိုင်သူများ၊ငွေကြေးအသင့်အတင့်အဆင်ပြေသူများပါဝင်ပါသည်။တတိယအဆင့်မှာလယ်ယာမြေ(၂)အောက်ပိုင်ဆိုင်သူများ၊မြေယာမဲ့၊လုပ်သားများပါဝင်ပါသည်။ကျေးရွာတွင်အဆင်ပြေသောအိမ်ထောင်စု၆၀%၊ အလယ်အလတ်အိမ်ထောင်စု၁၉%၊ဆင်းရဲသောအိမ်ထောင်စု၂၁%ရှိပါသည်။ထို့ကြောင့်ကြို့ကုန်းကျေးရွာသည်ဥစ္စာဓနအဆင့်အခြေအနေအလယ်အလတ်ရှိသောကျေးရွာလေးဖြစ်ပါသည်။

ကျွန်တော်တို့ကြို့ကုန်းရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည်စီးပွားရေးအဆင့်အတန်းနှင့်ဆင်းရဲချမ်းသာမညီမျှမှုကိုဖော်ပြပါသည်။ အိမ်ထောင်စုပေါင်း(၄၃)အိမ်ရှိသည့်အနက်မြေယာမဲ့(၅)စု၊ဆင်းရဲသားတောင်သူ(၉)စု၊တောင်သူငယ်(၆)စု၊တောင်သူလတ်(၁၉)စု၊တောင်သူကြီး(၄)စုရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရကြို့ကုန်းကျေးရွာတွင် အိမ်ထောင်စု၄၃အိမ်ရှိသည့်အနက်မြေယာမဲ့၅စု၊ဆင်းရဲသော အိမ်ထောင်စု၄အိမ်သည်စားသုံးရန်အတွက်လည်းကောင်း၊ပညာရေးအတွက်လည်းကောင်း၊ဝင်ငွေရအလုပ်အကိုင်ရရန်အတွက်လည်းကောင်း၊အခြားအသုံးအဆောင်များဝယ်ယူရန်အတွက်လည်းကောင်းချေးယူကြရပါသည်။ငွေချေးယူရာတွင်ငွေတိုးချေးစားသူများထံမှချေးငွေကိုရယူကြရပါသည်။အပေါင်ဆိုင်များတွင်လည်းပစ္စည်းများပေါင်နှံ၍ဝမ်းစာဖြည့်တင်းကြရသူများလည်းရှိပါသည်။

ကျွန်တော်တို့ရွာတွင်လယ်၁၇၉.၇၉ဧကရှိပါသည်။စပါး၊မြေပဲနှင့်အခြားဆောင်းသီးနှံများ စိုက်ပျိုးကြပါသည်။စပါးကိုဝါဆိုလတွင်စိုက်ပျိုး၍တန်ဆောင်မုန်းလတွင်ရိတ်သိမ်းကြပါသည်။စပါးစိုက်ပျိုးရာတွင် ၁ဧကတွင် အနည်းဆုံး ၄၀ တင်းမှ အများဆုံး ၈၀တင်းထွက်ရှိပြီး ပျမ်းမျှအားဖြင့် ၆၀ တင်းထွက်ရှိပါသည်။မြေပဲကိုတပို့တွဲလတွင်စိုက်ပျိုးကြပါသည်။စိုက်ပျိုးဧက၁၅ဧက ရှိပြီးအထွက်နှုန်းအများဆုံး (၄၀) တင်း၊အနည်းဆုံး(၃၀)တင်း၊ပျမ်းမျှ(၃၅)တင်းထွက်ပါသည်။

ကျွန်တော်တို့ရွာတွင်ဓာတ်မြေဩဇာများကိုစနစ်တကျသုံးစွဲခြင်းမရှိသောကြောင့်မြေဆီလွှာပျက်ယွင်းမှုအနည်းငယ်ရှိပါသည်။သစ်တောများပြုန်းတီးလာခြင်းများရှိသည်ကိုလည်းတွေ့ရပါသည်။ ရေကြီးခြင်း၊မိုးခေါင်ခြင်း၊မြေပြိုခြင်း၊မြေဆီလွှာပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များအနည်းငယ်ခံစားရပါသည်။သစ်တောပေါများ၍လမ်းပန်းဆက်သွယ်ရေးဝေးလံခေါင်သီသောဒေသဖြစ်ပြီးငှက်ဖျားရောဂါကို အတော်အတင့် ခံစားရပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။လက်ရှိပညာသင်ကြားနေသူမူလတန်းတွင်ကျား(၆)ဦး မ(၈)ဦး၊အလယ်တန်းတွင်ကျား(၇)ဦး မ(၃)ဦး၊အထက်တန်းတွင်ကျား(၁)ဦး မ(၂)ဦးရှိပြီးဆရာမ(၃)ဦးမှပညာသင်ကြားပေးနေပါသည်။ တက္ကသိုလ်ကောလိပ်တက်ရောက်နိုင်သူကျား(၁)ဦးမ(၆)ဦးရှိပါသည်။ရွာတွင်စာမတတ်သူမရှိပါ။ကျွန်တော်တို့ရွာသည်ပညာရေးတွင် အတော်အသင့်တတ်မြောက်ကြ ပါသည်။ အခြေခံပညာမူလတန်းကျောင်းသာ ရှိသောကြောင့် အလယ်တန်း၊အထက်တန်းသို့ တက်ရောက်လိုလျှင် ဝန်းသိုမြို့(အခြေခံပညာအထက်တန်းကျောင်း)သို့သွားရောက်ပညာသင်ကြားကြ ရပါသည်။ဝန်းသိုမြို့နှင့်(၂)မိုင်ခန့်ကွာဝေးပြီး အဓိကသွားလာရသောလမ်းမှာကျဉ်းမြောင်းပြီးလယ်ကန်သင်းရိုးလမ်းဖြစ်ပါသည်။ထို့ပြင်မိုးရထားသံလမ်းကိုဖြတ်၍ သွားလာ ရခြင်း ဖြစ်သည်ကလည်းကောင်း လမ်းမှာကျဉ်းမြောင်းပြီးရှောင်တိမ်းရာတွင် အခက်အခဲရှိခြင်း၊မိုးရာသီတွင်လမ်းချောသည့်အတွက်ကျောင်းသားကျောင်းသူများသွားလာရာတွင်အန္တရာယ်ရှိနိုင်ပါသည်။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်ရွာတွင် နွေအကုန်မိုးအကူး(နယုန်-ဝါဆို)လများတွင်သွေးလွန်တုတ်ကွေးနှင့်ငှက်ဖျားရောဂါကိုအနည်းငယ်ခံစားကြရပါသည်။မိုးအကုန်ဆောင်းအကူး(တော်သလင်း-သီတင်းကျွတ်)လများတွင်ရာသီတုတ်ကွေးများ ၊အအေးမိတုတ်ကွေးများကိုအနည်းငယ်ခံစားကြရပါသည်။လစဉ်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ထိုးနှံခြင်းများရှိပြီး လာရောက်ကုသသော ကျန်းမာရေးဝန်ထမ်းများနှင့်အတူရွာသူရွာသားများမှဝိုင်းဝန်းကူညီဆောင်ရွက်ကြပါသည်။ရွာမှမိခင်နှင့်ကလေးများ၊ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကြိုင်းခွင်ကျေးရွာတိုက်နယ်ဆေးရုံသို့လည်းကောင်း ၊ဇီးဖြူပင်ကျေးရွာကျန်းမာရေးဌာနခွဲသို့လည်းကောင်းသွားရောက်၍ဆေးကုသမှုခံယူကြရပါသည်။ခွဲစိတ်လူနာများ၊ထိခိုက်ဒဏ်ရာရသူများ၊အခြားအရေးကြီးလူနာများသည် ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံသို့သွာရောက်ကုသမှုခံယူကြရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ ကျွန်တော်တို့ရွာ၏ စီမံအုပ်ချုပ်မှုပိုင်းတွင်အမျိုးသမီးများဦးဆောင်ပါဝင်မှုအားနည်းပါသည်။သို့သော်ကျေးရွာဖွံ့ဖြိုးရေး၊လူမှုရေး၊ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်တစ်ဖက်တစ်လမ်းမှတက်ကြွစွာပါဝင်ကြပါသည်။ မြို့နှင့်အတော်အသင့်သာဝေးသောရွာလေးဖြစ်သောကြောင့်အကြမ်းဖက်မှုဥပဒေများနှင့် တရားမျှတမှုဆိုင်ရာဥပဒေအသိအမြင်များရှိကြပါသည်။ ကျွန်တော်တို့ရွာတွင်အကြမ်းဖက်မှုများ မရှိပါ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌လမ်းတံတား ပြုပြင်ရေး ကော်မတီ ၊ကျောင်းကော်မတီ၊ လျှပ်စစ်မီးလင်းရေးကော်မတီ၊ လူငယ်မောင်မယ်ပရဟိတအဖွဲ့၊ ဓမ္မစာရီပျိုမဒီဝတ်ရွတ်အသင်း၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ စသည့်အဖွဲ့တို့ကို ဖွဲ့စည်းထားပါသည်။လမ်းတံတားပြုပြင်ရေးကော်မတီကို ကျား(၆)ဦး၊မ(၃)ဦးဖြင့် ဖွဲ့စည်းထားပြီး ရွာတွင်ပျက်စီးနေသော လမ်းတံတားများကို တတ်စွမ်းသမျှကိုယ်ထူကိုယ်ထ ပြုပြင်ကြပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် စော်ဘွားတူးမြောင်းတံတားကြီးကို ဆောက်လုပ်ခဲ့ကြပါသည်။ ၂၀၁၆ဩဂုတ်လတွင် ဝန်းသို-မြိုင်ဇေယျာလမ်းမှ ကြို့ကုန်းကျေးရွာသို့ ဆက်သွယ်သောလမ်းပိုင်းကို ဖောက်လုပ်ခဲ့ကြပါသည်။ဝန်းသို-မန်ကျည်းကုန်းလမ်းနှင့်ကျွန်တော်တို့ရွာကို ဆက်သွယ်ဖောက်လုပ်ထားသောချဉ်းကပ်လမ်းမှာ (၂)ပေခန့်သာရှိသောကြောင့် ကျဉ်းမြောင်း၍သွားလာရခက်ခဲခြင်း၊ အနရာယ်များခြင်းစသည့် အခက်အခဲများရှိပါသည်။ ထို့ကြောင့် လမ်းကော်မတီအဖွဲ့နှင့် ရွာသူရွာသားများ ပူးပေါင်းပြီး ၁၀ပေကျယ်လမ်းဖြစ်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ကျွန်တော်တို့ရွာတွင် ကျောင်းကော်မတီကို ရွာသူရွာသား (၇)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ကျွန်တော်ရွာသည် ပညာရေးအခြေခံအဖြစ် (၁၉၈၈)ခုနှစ်မှ စတင်ခဲ့သည်။ရွာသူရွာသားများဝိုင်းဝန်း၍ သကယ်မိုး၊ပျဉ်ကာမူလတန်းကျောင်းကို တည်ဆောက်ခဲ့ကြပါသည်။ ရွာသူရွာသားများ ဝိုင်းဝန်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့်အင်္ဂုံးဆရာမင်္ဂုံး၍ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။ (၂၀၁၀)ခုနှစ်တွင် နိုင်ငံတော်အထောက်အပံ့နှင့် အတူရွာသူရွာသားများ၏ ထည့်ဝင်ငွေများ ပူးပေါင်း၍ သွပ်မိုး၊ကွန်ကရစ်ခင်း၊အုတ်ညှပ်တစ်ထပ်ဆောင် ကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့ကြပါသည်။ လျှပ်စစ်မီးလင်းရေးကော်မတီကို ရွာသူရွာသား(၇)ဖြင့် ဖွဲ့စည်းထားပါသည်။ ကြို့ကုန်း+ကျောက်စရစ်ကုန်း(၂)ရွာပေါင်း (၂၄)နာရီလျှပ်စစ်မီးကို ၂၀၁၀ခုနှစ်တွင် ကိုယ်ထူကိုယ်ထ မီးရရှိရန် ဆောင်ရွက်ခဲ့ကြပါသည်။အခက်အခဲများစွာရှိသော်လည်း အကျိုးတော်ဆောင်အဖွဲ့နှင့် တိုင်ပင်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ကျွန်တော်တို့ရွာရှိလူငယ်မောင်မယ် ပရဟိတအဖွဲ့သည် ကျေးရွာ၏ လိုအပ်သော ကျန်းမာရေး၊ လူမှုရေး၊ဘာသာရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ထိုသည်သာမက ကျန်းမာရေးအသိပညာသောပြောပွဲများ တက်ရောက်ခြင်း၊လမ်းများ ပြုပြင်ခြင်းကို ဆောင်ရွက်ကြပါသည်။ထိုသည်သာမက ဝန်းသိုမြို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် လိုအပ်သော ဝေယျာဝစ္စလုပ်ငန်းများကိုလည်း တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင်လူဦးရေ(၆၀)ဖြင့်ဖွဲ့စည်းထားသောဓမ္မစာရီပျိုမဒီအမျိုးသမီး ပရဟိတအဖွဲ့လည်း ရှိပါသည်။လူအချင်းချင်းရိုင်းပင်းကူညီသောစိတ်၊သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်လိုသောစိတ်ဓာတ်ဖြင့် ဖွဲ့စည်းထားပြီး အများကောင်းကျိုးဆောင်ရွက်နေသော အသင်းအဖွဲ့ တစ်ခုဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင်းသာမက အခြားလိုအပ်သောနေရာများသို့လည်း သွားရောက်ကူညီကြပါ

သည်။ရွာသူရွာသား(၅)ယောက်ဖြင့် ဖွဲ့စည်းထားသော သာသနာ့အကျိုးတော်ဆောင်အဖွဲ့သည် ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ခြင်း၊စေတီဦးကျောင်းဆောက်လုပ်ခြင်း စသည့်သာသနာ့အကျိုးကို အလှူရှင်များ၊ရွာသူရွာသားများနှင့်အတူ ဆောင်ရွက်လုပ်ကိုင်နေကြပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျွန်တော်တို့ရွာတွင် လယ်ယာမြေ (၁၇၉.၇၉) ဧက ရှိပါသည်။တောင်သူတစ်ဦးလျှင်အနည်းဆုံး(၂)ဧကပိုင်ဆိုင်ပြီးအများဆုံး (၁၂)ဧကပိုင်ဆိုင်ကြပါသည်။ လယ်ယာမြေမပိုင်ဆိုင်သောမြေယာမဲ့များလည်း အနည်းငယ်ရှိပါသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှုအသင့်အတင့်ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ရွာတွင် ရေသွင်းစိုက်ပျိုးဧရိယာ (၁၅၀)ဧကရှိပြီး စော်ဘွားမြောင်းရေလွှဲဆည်မှ စိုက်ပျိုးရေကို ရရှိပါသည်။သို့သော် မိုးရာသီတွင် ရေလုံလောက်ပြီး ဆောင်းရာသီပြီးဆုံးစနှင့် နွေရာသီတွင် ရေပြတ်လပ်ရှားပါးပါသည်။စပါးကို အဓိကစိုက်ပျိုးပြီး စပါးရိတ်သိမ်းပြီးသည်နှင့်ဆောင်းသီးနှံများကို စိုက်ပျိုးကြပါသည်။

ကျွန်တော်တို့ရွာတွင် လယ်ယာမြေလုပ်ကိုင်ရာတွင် လက်တွန်းထွန်စက်များဖြင့်လည်းကောင်း၊ နွားများဖြင့်လည်းကောင်း ထွန်ယက်စိုက်ပျိုးကြပါသည်။စပါးရိတ်သိမ်းရာတွင် ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းကြပါသည်။ ကျွန်တော်တို့ရွာတွင် ခြွေလှေ့စက်ပိုင်ဆိုင်သူတစ်ဦးရှိပြီး ကျန်တောင်သူများမှာ ငှားရမ်းအသုံးပြုကြရပါသည်။ ခြွေလှေ့စက်ငှားရမ်းခမှာ စပါးတင်း ၁၀၀ လျှင်၁၅၀၀၀ ကျပ်ခန့်ပေး၍ ငှားရမ်းအသုံးပြုကြရပါသည်။ သို့သော် ငှားရမ်းအသုံးပြုသူများသောကြောင့် စပါးရိတ်သိမ်းရာတွင် အချိန်မှီမသိမ်းနိုင်ခြင်း၊ရောင်းဝယ်ရေးတွင်နှောင့်နှေးခြင်းနှင့် အလေအလွင့်ပျက်စီးမှုများရှိပါသည်။စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ရွာလေးဖြစ်သောကြောင့် အိမ်တိုင်းလိုလိုတွင် ရေစုတ်စက်တစ်လုံးစီရှိကြပါသည်။ကျွန်တော်တို့ရွာတွင် သီးနှံဖျက်ပိုးနှင့်သီးနှံရောဂါကျရောက်မှုအနည်းငယ်ရှိပါသည်။အလေအလွင့်ပျက်စီးမှုများရှိပါ သည်။

ကျွန်တော်တို့ရွာသည် သင့်တင့်မျှတသော ရာသီဥတုကိုပိုင်ဆိုင်ထားသောကြောင့် လယ်ယာမြေအသုံးချနိုင်မှုကောင်းမွန်ပါသည်။ စိုက်ပျိုးရေအရင်းအမြစ်ရရှိခြင်း၊ ချေးငွေနှင့် ဝန်ဆောင်မှုများ အတော်အသင့်ရရှိခြင်း၊သီးနှံမျိုးစေ့များဝယ်ယူရနိုင်ခြင်း၊လုပ်သားအင်အားများရှိခြင်းတို့ကြောင့် သီးနှံများအတော်အသင့်ဖြစ်ထွန်းပါသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာရရှိမှု အားနည်းသောကြောင့် ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကိုသုံးစွဲမှုစနစ်ကျခြင်းမရှိပါ။ထို့ကြောင့်မြေဆီလွှာပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ စားကျက်မြေရှားပါးခြင်း၊ ငွေကြေးမတတ်နိုင်မွေးမြူရေးနည်းပညာများလက်လှမ်းမမီခြင်းတို့ကြောင့် နွား၊ ကျွဲ၊ ဝက်၊ ကြက်စသည့် မွေးမြူရေးလုပ်ငန်းအနည်းငယ်သာရှိပါသည်။၄င်းမွေးမြူရေးလုပ်ငန်းတိုးတက်ရန်မှာ ငွေကြေးအရင်းအနှီး လွယ်ကူစွာလိုအပ်သမျှထုတ်ချေးပေးခြင်း၊ မွေးမြူ ရေးနည်း ပညာများသင်ကြားပို့ချပေးခြင်း၊ တစ်နှစ်ပတ်လုံးစျေးနှုန်းမှန်ကန်စွာ အလွယ်တကူ ရောင်းချနိုင်ရန်

ဈေးကွက်ဖော်ဆောင်ရွက်ပေးခြင်းတို့ဖြင့် တိရစ္ဆာန်မွေးမြူရေး တိုးတက်အောင်ဆောင်ရွက်နိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ကြုံကုန်းရွာသည်စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောရွာလေးဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပါသည်။ပညာရေးဝန်ထမ်း(၄)ဦးရှိပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ရွာတွင် ရွှေ့ပြောင်းသွာလာလုပ်ကိုင်သော အိမ်ထောင်စု(၃)အိမ်ရှိပါသည်။ကျေးရွာတွင် ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စု(၃)အိမ်ရှိပါသည်။ (၃)လအထက် အလုပ်လုပ်ကိုင်နေထိုင်သူများလည်းရှိပြီး (၁၂)လ အထက်နေထိုင်သူများလည်းရှိပါသည်။ပြန်ပို့ငွေများကို ဘဏ်များမှလည်းကောင်း၊ လူကြုံဖြင့်လည်းကောင်း လစဉ်ပေးပို့ကြပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ကျွန်တော်တို့ရွာနှင့် အနီးဆုံးဈေးမှာ ဝန်းသိုမြို့စည်ပင်သာယာမြို့မဈေးဖြစ်ပါသည်။ရွာနှင့်(၂)မိုင်ခန့်ကွာဝေးပြီး စက်ဘီးများ၊ ဆိုင်ကယ်များဖြင့် သွားလာကြရပါသည်။ ဈေးအခြေခံအဆောက်အဦးများ အသင့်အတင့်ကောင်းမွန် ပြီးဝန်ဆောင်မှုမကောင်းပါ။ ကျွန်တော်တို့ရွာ၏ အကြီးစားဈေးကွက်မှာ ကောလင်းမြို့စည်ပင်သာ ယာဈေးဖြစ်ပြီး (၁၀)မိုင်ခန့် ကွာဝေးပါသည်။သယ်ယူပို့ဆောင်ရေးတွင် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် များကိုသာ အသုံးပြုကြရပါသည်။လိုအပ်သောပစည်းများဝယ်ယူရရှိနိုင်ပါသည်။ဈေးအခြေခံအဆောက်အဦးများ အသင့်အတင့်ကောင်းမွန် ပြီးဝန်ဆောင်မှု မကောင်းပါ။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျွန်တော်တို့ရွာရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ထုတ်ချေးကြပါသည်။ အပေါင်ပစ္စည်း အဖြစ်လယ်ဂရန်ကို ပေးရပြီး ကာလတိုချေးငွေ ဖြစ်ပါသည်။ အတိုးနှုန်းမှာ ၁%မှ ၂%အထိရှိပြီးပြန်ဆပ်ရာတွင် အခက်အခဲမရှိပါ။သမဝါယမအသင်းမှလည်း ချေးငွေများကို ထုတ်ချေးကြပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများမှာမြေဆီလွှာညံ့ခြင်း၊ အပင်မျိုးစေ့လက်လှမ်းမမှီခြင်း၊ရေအရင်းအမြစ်ရှားပါးခြင်း၊သားငါးတိရစ္ဆာန်မျိုးကွဲနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းပညာမရှိခြင်းတို့ဖြစ်ပါသည်။ ကျွန်တော်တို့ရွာသည် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ သုံးစွဲခြင်းမရှိသောကြောင့် မြေဆီဩဇာများ ပျက်စီးလာပါသည်။ အပင်မျိုးစိတ်များကို ထိမ်းသိမ်းနိုင်ခြင်း မရှိသောကြောင့် ပျက်စီးပျောက်ကွယ်စပြုလာပါသည်။ငါးဗုံးခွဲခြင်း ဘက်ထရီရှော့တိုက်ခြင်း၊ဖမ်းယူစားသောက်ခြင်းများရှိသည့် အတွက်အန္တရာယ်ရှိပါသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီးကျောင်းသားဦးရေ(၁၃၄)ယောက်ရှိပါသည်။စာသင်ကျောင်း၏

အမိုး၊ အကာ ၊အခင်းများ အတော်အသင့်ကောင်းမွန်ပါသည်။ ကျောင်း၏အိမ်သာမှာ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ၂ ခန်းတွဲအိမ်သာဖြစ်ပါသည်။ကျောင်းသည် ရွာ၏အနီးတွင်ရှိသော ကြောင့်ကျောင်းသားကျောင်းသူများသည်ကျောင်းသို့ခြေလျှင်ကျောင်းတက်ကြရပါသည်။ဆရာမ ၃ ဦးဖြင့်ပညာသင်ကြားကြရပြီးဆရာဆရာမအင်အားလုံလောက်မှုရှိပါသည်။ ကျွန်တော်တို့ကျောင်း သည်အကာအရံပရဝုဏ်တံတိုင်းများလိုအပ်နေပါသည်။

ကျွန်တော်တို့ရွာတွင် သွေးလွန်တုတ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ အနည်းငယ်ရှိပါသည်။ အသက်အနတရာယ်မရှိသော်လည်း အလုပ်အကိုင်ပျက်ခြင်း၊ ငွေကုန်ကြေးကျများခြင်းတို့ ရှိကြပါ သည်။ကျန်းမာရေးမကောင်းသောအခါရွာနှင့် ၁ မိုင်ခန့်ဝေးသော ကြိုင်းခွင်ကျေးရွာ တိုက်နယ် ဆေးရုံသို့လည်းကောင်း၊ ၃ မိုင်ခန့်ဝေးသော ဇီးဖြူပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ လည်းကောင်း သွားရောက်ဆေးကုသမှု ခံယူကြပါသည်။အရေးကြီးလူနာရှိပါက ရွာနှင့် ၂မိုင်ခန့်ဝေး သော ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသမှု ခံယူကြပါသည်။

ကျွန်တော်တို့ရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်းကိုတူးဖော် အသုံးပြုကြပါသည်။ရေတွင်း တူးဖော်အသုံးပြုသူ ၁၄ အိမ်ထောင်စုရှိပြီး ကျန်အိမ်ထောင်စုများသည် ရေတွင်းရှိသောအိမ်များမှ ခပ်ယူအသုံးပြုကြရပါသည်။မိုးရာသီတွင် ရေလုံလောက်သော်လည်း နွေလများဖြစ်သော တပေါင်းလ၊ တန်ခူးလနှင့် ကဆုန်လများတွင် ရေနည်းပါးခမ်းခြောက်ပြီး ရေပြတ်လတ်ပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာတွင် ရွာတွင်းရွာပြင်လမ်းများမှာ မြေသားလမ်းများဖြစ်၍မိုးရာသီ၌ရွာထဲလမ်းများနှင့်အဓိကလမ်းမကြီးသည်လူများ၊ ဆိုင်ကယ်များ သွားလာရာတွင် အလွန်ခက်ခဲလျက်ရှိပါသည်။ ရွာနှင့်ဝန်းသိုမြို့သို့ ဆက်သွယ်ထားသောလမ်းမှာ ၂ ပေခန့်သာကျယ်ပြီးမန္တလေး-မြစ်ကြီးနားမီးရထားသံလမ်း ကိုဖြတ်ကူးထားပါသည်။ထိုလမ်းသည် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ အဓိကထားသွားလာရသောလမ်းဖြစ်ပြီး ကျေးရွာမှ ထွက်ရှိသောထွက်ကုန်များကိုဈေးကွက်သို့တင်ပို့ရောင်းချနိုင်သည့် ကုန်စည်ကူးသန်းသွားလာနိုင် သော လမ်းလည်း ဖြစ်ပါသည်။ သို့သော် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်လမ်းချောခြင်း၊ လမ်းကျဉ်းမြောင်းခြင်းများရှိသည့်အတွက် ရှောင်တိမ်းရာတွင် အခက်အခဲများရှိပါသည်။ ပွင့်လင်း ရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှ တစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။ထို့ကြောင့် ၁၈ ပေလမ်းအဖြစ်သို့ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ကျွန်တော်တို့ရွာနှင့်မန်ကျည်းကုန်း-ဝန်းသိုလမ်းကို ဆက်သွယ်ထားသော တံတား ၆ စင်းနှင့် သစ်ဆိမ့်ကုန်းရွာကို ဆက်သွယ်ထားသော တံတား ၂ စင်း စုစုပေါင်း တံတား ၈ စင်း ရှိပါ သည်။ သို့သော်ကျဉ်းမြောင်းပြီးယိုယွင်းပျက်စီးနေသည့်အတွက်ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိ ပါသည်။

ကျွန်တော်တို့ရွာတွင် သယ်ယူပို့ဆောင်ရေးတွင် စက်ဘီး၊ဆိုင်ကယ်၊နွားလည်းနှင့်သုံးဘီးဆိုင်ကယ်

များကိုအသုံးပြုသွားလာကြရပါသည်။စက်ဘီးနှင့် မော်တော်ဆိုင်ကယ်ကိုအများဆုံး အသုံးပြုကြ ပါသည်။ ကျွန်တော်တို့ရွာတွင် သုံးဘီးဆိုင်ကယ် ၂ စီးရှိပါသည်။ သုံးဘီးဆိုင်ကယ် ငှားရမ်းခမှာ ကျွန်တော်တို့ရွာမှ ဝန်းသိုမြို့သို့တစ်ခေါက်လျှင် ၈၀၀၀ ကျပ်ပေးရပြီး ကောလင်းမြို့ သို့ တစ်ခေါက်လျှင် ၁၂၀၀၀ ကျပ်ပေးရပါသည်။ ဆန်အိတ်တစ်အိတ် (၆၀ကီလို)တစ်အိတ်လျှင် ၁၀၀၀ ကျပ်ပေးရပါသည်။

ကျွန်တော်တို့ရွာသည် လျှပ်စစ်မီး(မဟာဓာတ်အားလိုင်း)ကို အသုံးပြုကြပါသည်။ လျှပ်စစ်မီးအသုံး မ ပြုနိုင်သေးသူများလည်းရှိပါသည်။ဆိုလာမီးအသုံးပြုသူများလည်း အနည်းငယ် ရှိပါသည်။

ကျွန်တော်တို့ရွာတွင် မိုဘိုင်းဖုန်းများကို တွင်ကျယ်စွာအသုံးပြုလာကြပါသည်။ အင်တာနက်အသုံး ပြုသူများလည်းရှိပါသည်။ ထိုမှတစ်ဆင့် ဗဟုသုတများကို လေ့လာကြရပါသည်။ ကျွန်တော်တို့ ရွာသည် အသိပညာနည်းပါးသဖြင့် နည်းပညာပိုင်းတွင်လေ့လာသိရှိမှု အားနည်းသောကြောင့် ပြုပြင်ထိန်းသိမ်းမှုစနစ်မှာ ညံ့ပါသည်။ ဖုန်း၊ ရေဒီယို၊ တီဗွီ ၊ ဂြိုလ်တု စလောင်း စသည်တို့မှ သတင်းအချက်အလက်များကိုအဓိကထားလေ့လာနေရသော်လည်းသုံးစွဲမှုနည်းပညာမှာ လက်လှမ်း မီမှု မရှိသေးပါ။ အခြားပြင်ပ သတင်းရယူမှုနည်းပညာပိုင်းတွင်လည်း အလွန်နည်းပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ကျွန်တော်တို့ရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ် ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူ အပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ရွာ၏ လူငယ်များကိုပြင်ပအဖွဲ့စည်းများနှင့်အစိုးရအဖွဲ့အစည်း များမှအသိပညာ၊အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြားဂန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုး တန်သော လူငယ် များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

သို့သော် ယခုလက်ရှိအခြေအနေတွင် လူငယ်များ အပန်းဖြေအနားယူရန်နေရာမှာ ရာသီအလိုက် ပွဲတော်များသာရှိပြီးအားကစားကွင်းနှင့်အားကစားပစ္စည်းများမှာလက်လှမ်းမမီပါ။ သတင်းအချက် အလက်နည်းပညာပိုင်းတွင်လက်လှမ်းမမီသည့်နှင့်အမျှရိုးရာယဉ်ကျေးမှုထိန်း သိမ်း မှု စနစ်မှာလည်း အနည်းငယ်သာရှိပါသည်။ ဗဟုသုတ ပညာရေးဘက်တွင် လေ့လာလိုက်စားမှုအားနည်းပါသည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ၊တာဝါတိုင်များမရှိသော်လည်း အင်တာနက်လိုင်း များကောင်းမွန်ပါသည်။ ဘေးကင်းလုံခြုံရေးအထောက်အကူပြု ဝန်ဆောင်မှုများ အနေဖြင့် တယ်လီ ဖုန်းလိုင်း၊ အင်တာနက် လိုင်း၊ ရုပ်မြင်သံကြားလိုင်း နှင့် ရေဒီယိုလိုင်းများကို အဓိကထားအားကိုး

သုံးစွဲနေ ကြရပါသည်။သို့သော်လည်း၄င်းဆက်သွယ်ရေးကိရိယာသုံးစွဲမှုမှာ ပြည့်စုံလုံလောက်စွာ နည်းပညာ လက်လှမ်းမမီပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက် ကြပါသည်။ အလုပ်လုပ်နိုင်သော လုပ်အားများရှိပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကျေးရွာအနီးတွင် ဂျင်းကျောက်တောင်များရှိခြင်း၊ လယ်ပိုင်ရှင်များမှ လမ်းမြေနေရာအတွက် မြေများလှူဒါန်းထားပြီးဖြစ်ခြင်း၊ စသည့် အခြေအနေကောင်းများရှိပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင်နိုင်ရန် ဖော်ထုတ်ရန်မြေနေရာများရှိခြင်း၊ ရေအရင်းအမြစ်များရှိခြင်း များရှိပါသည်။လူငယ်များ အသိပညာတိုးပွားရန် စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာများရှိပါသည်။ကျေးရွာတွင်း တိုးချဲ့အိမ်ထောင်စုများအတွက် တိုးချဲ့ရန် မစိုက်ပျိုးနိုင်သောတောင်ယာဟောင်းများရှိခြင်း၊သက္ကယ်တောများရှိခြင်းနှင့် လမ်းများအသင့်အတင့်ကောင်းမွန်ပါသည် ။သောက်သုံးရေလုံလောက်စွာရရှိန်မြေနေရာလွတ်များရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ဂျင်းကျောက်တောင်များရှိသော်လည်း စက်ယန္တရားများမရှိခြင်း၊ငွေကုန်ကြေးကျမတတ်နိုင်ခြင်း၊နည်းပညာများ မရရှိခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးတွင် လိုအပ်လျက်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသဖြင့် ထွက်ရှိသမျှ သီးနှံများကို ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ဈေးကွက်သို့ရောက်ရှိမှု နှောင့်နှေးကြန့်ကြာပါသည်။မွေးမြူရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ ဈေးကွက်များ မြေနေရာများရှိသော်လည်း တူးဖော် ဖော်ထုတ်ရန် စက်ယန္တရားမရှိခြင်း၊ ကုန်ကျစရိတ်မတတ်နိုင်ခြင်းတို့ကြောင့် စီးပွားဖြစ် တွင်တွင်ကျယ်ကျယ်မွေးမြူနိုင်ခြင်း မရှိကြပါ။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်

အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ် သွားရမည်။

(၂) တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စက်ရေတွင်းများတူးခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ အိမ်တိုင်း

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ၊ ဆိုလာမီးတပ်ဆင်ခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း: (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ပွားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။အခြေခံ အဆောက်အဦး	၁။လက်ရှိမြေသားလမ်းမှဂျင်း ကျောက်ချော လမ်း သို့အဆင့်မြှင့်တင်ခြင်း	၁၉	၂		
	၂။သစ်သားတံတားမှ သံဘောင်တင်သစ်သား တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း	၈၉	၁		
	၃။သစ်သားတံတားအား အသစ်ပြန်လည် တည်ဆောက်ခြင်း	၅၁	၄		
	၄။တိုးချဲ့ကျေးရွာမြေများ ဖော်ထုတ်တည် ဆောက်ခြင်း	၅၁	၄		
	၅။ကျေးရွာပိုင် ဘာသာရေးအဆောက်အဦး တည်ဆောက်ခြင်း	၅၇	၃		
	၆။ကျေးရွာပိုင် စာကြည့်တိုက်တည်ဆောက် ခြင်း	၂၅	၈		
၂။ စိုက်ပျိုးရေး	၇။စက်ရေတွင်းတူးဖော်ခြင်း	၃၂	၇		
၃။ မွေးမြူရေး	၈။မွေးမြူရေးဇုံတည်ဆောက်ခြင်း	၄၀	၆		
၄။လူငယ်နှင့်အားကစား	၉။အားကစားကွင်းဖော်ထုတ်တည်ဆောက်ခြင်း	၄၅	၅		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	• မြေသားလမ်းမှ ကျောက် ခင်းလမ်း အဖြစ်အဆင့်မြှင့်တင်ခြင်း	၂		✓	✓		
၂	• သစ်သားတံတားမှသံဘောင်တင်သစ်သားတံတားသို့အဆင့်မြှင့်တင်ခြင်း	၁	✓	✓	✓		
၃	သစ်သားတံတားပြန်လည် ပြုပြင်ခြင်း	၄		✓			
၄	• တိုးချဲ့ကျေးရွာမြေဖော်ထုတ်ခြင်း	၄		✓	✓	✓	✓
၅	ကျေးရွာပိုင်ဘာသာရေးအဆောက်အဦးတည်ဆောက်ခြင်း	၃				✓	✓
၆	• ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက်ခြင်း	၈	✓	✓			
၇	• စက်ရေတွင်းတူးဖော်ခြင်း	၇	✓	✓			
၈	မွေးမြူရေးဇုံတည်ဆောက်ခြင်း	၆	✓	✓	✓	✓	✓
၉	အားကစားကွင်းတည်ဆောက်ခြင်း	၅	✓	✓	✓	✓	✓

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	• မြေသားလမ်းမှ ကျောက်ခင်းလမ်း အဖြစ်အဆင့်မြှင့်တင်ခြင်း			✓		
၂	• သစ်သားတံတားမှသံဘောင်တင်သစ်သားတံတားသို့အဆင့်မြှင့်တင်ခြင်း			✓		
၃	သစ်သားတံတားပြန်လည်ပြုပြင်ခြင်း					
၄	• တိုးချဲ့ကျေးရွာမြေဖော်ထုတ်ခြင်း			✓		
၅	ကျေးရွာပိုင်ဘာသာရေးအဆောက်အဦးတည်ဆောက်ခြင်း				✓	
၆	• ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက် ခြင်း			✓		
၇	• စက်ရေတွင်းတူးဖော်ခြင်း				✓	
၈	မွေးမြူရေးဇုံတည်ဆောက်ခြင်း				✓	
၉	အားကစားကွင်းတည်ဆောက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။

အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျူးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျူးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျူးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျူးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျူးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျူးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ

